# ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

# Yangon Protestant Reformed Church

## တနင်္ဂနွေစာစောင်

နေ့စွဲ - ၁၄. ၃. ၁၀

### ဘုရားသခင်၏ပဋိညာဉ်အားစောင့်ရှောက်ခြင်းနှင့်ဆန့်ကျင်ခြားနားစွာအသက်ရှင်ခြင်း

(Keeping God's Covenant and the Antithetical Life, Prof. Herman Hanko)

ကျမ်းစာဖတ်ခြင်း - ၂ကော ၆း၁၄-၁၇၊ ယာကုပ် ၄း၁-၄၊ တရား ၃၃း၂၆-၂၉

ဖော်ပြထားတဲ့ကျမ်းပိုဒ်တွေကို သေချာသတိထားကြည့်ရင်၊ ကျမ်းပိုဒ်တိုင်းက ဆန့်ကျင်ခြားနားစွာအသက်ရှင်ခြင်းအကြောင်းကို ပြောနေပါတယ်။ ပြီးတော့ အဲဒီအကြောင်းကို ပြောတိုင်းလဲ ပဋိညာဉ်အကြောင်းနဲ့ ဆက်နွယ်ပြီးမှပြောနေတာကို တွေ့ရမှာဖြစ်တယ်။

ဆန့်ကျင်ခြားနားစွာအသက်ရှင်ခြင်းဆိုတာ ဘာကိုဆိုလိုသလဲဆိုရင်၊ ခရစ်ယာန်တယောက်ဟာ ဘုရားသခင့်ပဋိညာဉ်အဖွဲ့ဝင်အနေနဲ့ အသက်ရှင်တဲ့အခါမှာ၊ သူနေထိုင်ရတဲ့ မယုံကြည်သူကမ္ဘာကြီးရဲ့ အကျင့်များကို အမြဲတမ်း ဆန့်ကျင်ဖက်ပြုလျှက် အသက်ရှင်တယ်၊ အဲဒါဟာခရစ်ယာန်အသက်တာဖြစ်တယ်လို့ ပြောတာဖြစ်တယ်။

အစကနေ ကျွန်တော်တို့ ဘာကိုရှင်းနေအောင်နားလည်ရမလဲဆိုရင်၊ ဘုရားသခင်ကိုယ်တိုင်က အဲဒီ ဆန့်ကျင်ခြားနားစွာအသက်ရှင်ခြင်းဆိုတာကို ဖန်ဆင်းတာဖြစ်တယ် ဆိုတာကိုဘဲဖြစ်တယ်။ အပြစ်တရားထဲမှာ လူသား ကျဆုံးပြီးပြီးခြင်းမှာ ဘုရားသခင်က ဆန့်ကျင်ခြားနားစွာအသက်ရှင်ခြင်းကို စတင်ပြီးရှိစေတာဖြစ်တယ်။ ဘုရားသခင်က အာဒံနဲ့ဧဝကို ဧဒင်ဥယျာဉ်မှာတွေ့စုံပြီး၊ စာတန်ဆီကို ဒီလိုပြောခဲ့ပါတယ်၊ "သင်နှင့်မိန်းမကိုင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုင်း၊ ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်" (ကမ္ဘာ ၃း၁၅)။ အဲဒါဟာ ဆန့်ကျင်ခြားနားစွာနေထိုင်ခြင်းကို ကြေညာတာဘဲဖြစ်တယ်။ ရန်ဖက်ဖြစ်ခြင်းကို ဘုရားသခင်က မိန်းမရဲ့မျိုးနွယ်နဲ့ နတ်ဆိုးရဲ့အုပ်စုအကြားမှာ ဖန်ဆင်းလိုက်တာဖြစ်တယ်။ အဲဒီလို ရန်ငြိုးဖွဲ့ခြင်းကို မိန်းမရဲ့မျိုးနွယ်နဲ့ မြွေရဲ့မျိုးနွယ်ကြားမှာ တယောက်နဲ့တယောက် မုန်းတီးကြယုံကလေး ထားလိုက်တာ မဟုတ်ဘူး၊ ဘုရားသခင်ဟာ အဲဒီရန်ငြိုးဖွဲ့ခြင်းကို သူ့လူတွေရဲ့နှလုံးသားတွေထဲမှာ ကယ်တင်ခြင်းကို လုပ်ဆောင်ပေးလျှက် ထားလိုက်တာဖြစ်ပါတယ်။ အဲဒီလို ကယ်တင်ခြင်းလုပ်ဆောင်ပေးမှုကို သူ့လူတွေရဲ့နှလုံးသားတွေထဲ၊ အသက်တာတွေထဲ ပြုလုပ်ပေးလိုက်ခြင်းဟာ၊ ရန်ငြိုးဖွဲ့ခြင်းကို လုပ်ဆောင်ပေးတဲ့ ဘုရားသခင်ရဲ့ အံ့သြစရာကောင်းလှတဲ့ လမ်းကြောင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို လုပ်ပေးလိုက်ခြင်းဖြင့် ဘုရားသခင်ရဲ့လူတွေဟာ ဘုရားသခင်ကို ဆန့်ကျင်ရန်လိုနေတဲ့ ကမ္ဘာကြီးထဲမှာ ဘုရားသခင်ရဲ့ ကိုယ်စားလှယ်တွေ ဖြစ်လာကြလို့ပါဘဲ။

ဒုတိယအနေနဲ့ ဆန့်ကျင်ခြားနားစွာနေထိုင်ခြင်းမှန်တရားကို၊ ဘုရားသခင်ရဲ့အစိုးရတော်မူသော ခွဲခန့်မှတ်သားတော်မူခြင်းအမှန်တရားကနေဘဲ ကောင်းစွာနားလည်လို့ရပါတယ်။ အဲဒီ ဆန့်ကျင်ခြားနားစွာနေထိုင်ခြင်း ဆိုတဲ့အမှန်တရားဟာ ရွေးကောက်တော်မူခြင်း၊ ငြင်းပယ်တော်မူခြင်းမှာ အမြစ်တွယ်နေပါတယ်။ မိန်းမရဲ့အမျိုးအနွယ်ဆိုတာ သခင်ခရစ်တော်ဖြစ်ပါတယ်။ သခင်ခရစ်တော်အားဖြင့် ရွေးကောက်ခြင်းခံရသူတွေအားလုံးဟာ မိန်းမရဲ့အမျိုးအနွယ်ဖြစ်ပါတယ်။ မြွေရဲ့အမျိုးအနွယ်ဆိုတာ ငြင်းပယ်ခြင်းခံရသူတွေအားလုံးကို ဆိုလိုပါတယ်။ ဆန့်ကျင်ခြားနားစွာနေထိုင်ခြင်းရဲ့နောက်ကွယ်မှာ ဘုရားသခင်ရဲ့အစိုးရတော်မူသော ထာဝရအမိန့်တော်များ ရှိနေပါတယ်။ အဲဒါတွေကို ဘုရားသခင်ဟာ သမိုင်းတလျှောက်မှာ အကောင်အထည်ဖော်နေတာဖြစ်တယ်။

တတိယအနေနဲ့ အဲဒီ ဆန့်ကျင်ခြားနားစွာနေထိုင်ခြင်းဟာ လက်ဝါးကပ်တိုင်အားဖြင့် တကယ်လက်တွေ့၊ အခြေခံကျစွာ ပေါ်ထွက်လာပါတယ်။ ဘုရားသခင်ဟာ လက်ဝါးကပ်တိုင်ကို သမိုင်းရေစီးကြောင်းရဲ့ဗဟိုကျတဲ့အရပ်မှာ စိုက်ထားတော်မူတယ်လို့ မြင်ယောင်ကြည့်လို့ရပါတယ်။ သမိုင်းရေစီးကြောင်းရဲ့ အလယ်ဗဟိုမှာ စိုက်ထားတဲ့အတွက်၊ လူသားမျိုးနွယ်ဆက်တွေဟာ လက်ဝါးကပ်တိုင်ကို ဖြတ်

သန်းစီးဆင်းသွားကြပါတယ်။ အဲဒီလို လက်ဝါးကပ်တိုင်ကို ဖြတ်စီးဆင်းကြလို့ နှစ်ခြမ်းကွဲပြီး စီးဆင်းသွားကြတယ်။ ရွေးကောက်ခြင်းနဲ့ ငြင်းပယ်ခံရခြင်းပေါ့။ အဲဒီနှစ်အုပ်စုဟာ တအုပ်နဲ့တအုပ် အရမ်း မုန်းကြပါတယ်။ အဲဒီရန်လိုမှုကို လက်ဝါးကပ်တိုင်ပေါ်မှာ လုပ်တော်မူသော ကယ်တင်ရှင်ရဲ့ ပြည့်စုံသော လုပ်ဆောင်မှုက၊ ဖန်ဆင်းပြီး၊ ပီပြင်စွာပေါ်ထွက်လာစေပါတယ်။ သခင်ဘုရားကိုယ်တိုင်က အဲဒါကို အသေမခံခင်မှာ ကြေညာတော်မူပါတယ်။ သူ့လူတွေအတွက် အသေခံပေးခြင်းအပြင် လက်ဝါးကပ်တိုင်အားဖြင့် ဒီကမ္ဘာကြီးဟာ ပြစ်ဒဏ်စီရင်ခြင်းကို ခံရတာဖြစ်တယ်။ ဒီလောကရဲ့အိမ်ရှေ့မင်းသား (နတ်ဆိုးကိုဆိုလိုသည်)ဟာ ပြင်ကို ပစ်လိုက်ခြင်းခံရတာဖြစ်တယ်။ (ယော ၁၂း၃၁)

နောက်ဆုံးအနေနဲ့ အဲဒီ ဆန့်ကျင်ခြားနားစွာနေထိုင်ခြင်းကို ဘုန်းတော်ဝင်စားပြီးဖြစ်တဲ့ သခင်ဘုရားကိုယ်တိုင်က ကြီးကြပ်တော်မူတယ်။ အဲဒါကို ဒီ့ထက်ပြင်းထန်အောင် ကျွန်တော် ဘယ်လိုပြောရမလဲ မသိတော့ပါဘူး။ သခင်ဘုရားရဲ့လက်ထဲကို၊ ကောင်းကင်သို့တက်ကြွတော်မူတဲ့ခရစ်တော်ထံ၊ ဘုရားသခင်က ဒီစကြဝဠာကြီးတခုလုံးကို ထိန်းချုပ်ကိုင်တွယ်ခွင့်အားလုံးကို ပေးအပ်တော်မူပါတယ်။ တနည်းနဲ့ပြောရရင် သခင်ခရစ်တော်လက်ထဲကို ဘုရားသခင်ရဲ့အကြံအစည်တော်ရှိသမျှကို အကောင်အထည်ဖေါ်ခွင့် လုံးဝပေးအပ်ထားတယ်။ ခရစ်တော်က အရာခပ်သိမ်းအားလုံးကို အုပ်စိုးနေတယ်။ ခရစ်တော်ဟာ ဘုရားသခင် ရွေးကောက်ထားသူတွေကိုသာ အစိုးရစွာ အုပ်စိုးတာမဟုတ်ဘူး၊ အားလုံးကို အစိုးရစွာ တခုမကျန်ကို အုပ်စိုးတာဖြစ်တယ်။ ဒီမြေကြီးပေါ်မှာဘဲ သခင်ခရစ်တော်ခွင့်မပြုဘဲနဲ့၊ မသိဘဲနဲ့ ဘာတခုမှ မဖြစ်ပျက်တာ မဟုတ်ပါဘူး၊ ငရဲမှာရော၊ ကောင်းကင်မှာရော၊ သခင်ခရစ်တော်ရဲ့ အစိုးရတော်မူသောအုပ်ချုပ်မှုကြောင့်ကလွဲရင် ဘာဆိုဘာမှ မဖြစ်ပါဘူး။ အဲဒီအုပ်စိုးခြင်းဟာ ကျေးဇူးတော်ဖြင့် အုပ်စိုးခြင်းဖြစ်တယ်။ ခုခံငြင်းပယ်လို့မရတဲ့ ကျေးဇူးတော်ဖြစ်တယ်။ သူ့ရဲ့ရာဇပလ္လင်ကို သူ့လူတွေရဲ့ နှလုံးသားတွေပေါ်မှာ တည်ထားခြင်းဖြင့်ဖြစ်တယ်။ ပြီးတော့ ငြင်းပယ်ခြင်းခံရတဲ့သူတွေအပေါ်မှာကျတော့ သူ့ရဲ့အုပ်စိုးခြင်းဟာ အစိုးရတော်မူသောအုပ်စိုးခြင်းဖြစ်တယ်၊ အဲဒီအုပ်စိုးခြင်းအားဖြင့် ငြင်းပယ်ခြင်းခံရသူတွေကို သူ့အသင်း တော်ကယ်တင်ခြင်းရရှိဖို့ရည်ရွယ်ချက် ပြည့်မြောက်ဖို့ အမှုတော်ထမ်းခိုင်းပါတယ်။ လူဆိုးတွေ ထကြွသောင်းကျန်းပြီး၊ ကမ္ဘာသားတွေ အရေမရအဖတ်မရ ကြံစည်ကြတာကို ကောင်းကင်ဘုံကနေ ဘုရားသခင်က ဘာဖြစ်လို့ လှောင်ရယ်တာလဲ? သူ့သားတော်ကို ဇိအုန်တောင်ပေါ်မှာ ထားရှိတော်မူပါတယ်၊ လူဆိုးလူမိုက်တွေဟာ၊ ဘုရားသခင့်ရည်ရွယ်ချက်တွေ ပြည့်မြောက်လာဖို့ကလွဲလို့ ဘာမှ မလုပ်ဆောင်နိုင် ကြပါဘူး (ဆာလံ ၂ ကိုဖတ်ပါ)။

အဲဒီလို သခင်ခရစ်တော်ရဲ့နှစ်ထပ်ကွမ်းအုပ်ချုပ်တော်မူခြင်းဟာ၊ ဒီကမ္ဘာပေါ်မှာ ဆန့်ကျင်ခြားနားစွာနေထိုင်ခြင်း ဖြစ်ပေါ်လာရတဲ့ အစိုးရတော်မူသောအခြေခံအကြောင်းအရင်း ဖြစ်ပါတယ်။ သေချာစွာမှတ်ပါ၊ အဲဒါကြောင့် သမ္မာကျမ်းစာရဲ့ ဒီကြီးကြယ်လှတဲ့အမှန်တရားတွေဟာ ဆန့်ကျင်ခြားနားစွာနေထိုင်ခြင်းရဲ့ အခြေခံအုတ်မြစ်တွေ ဖြစ်နေတာဖြစ်တယ်။

အဲဒီ ဆန့်ကျင်ခြားနားစွာနေထိုင်ခြင်း ဘယ်လိုလက်တွေ့ဖြစ်ပေါ်လာတယ် ဆိုတဲ့ဇတ်လမ်းဟာ စိတ်လှုပ်ရှားစရာအကောင်းဆုံး၊ အသက်အဝင်ဆုံး ဇတ်လမ်းတခုဖြစ်ပါတယ်၊ လူ့သမိုင်းတလျှောက်ပြောခဲ့ကြတဲ့ ဇတ်လမ်းတွေထဲမှာ အကောင်းဆုံးဇတ်လမ်းဖြစ်ပါတယ်။ တကယ်တမ်းပြောရရင် ဒီဇတ်လမ်းတခုတည်းသာ ပြောဆိုရတာ တန်တဲ့ဇတ်လမ်းဖြစ်ပါတယ်။ နောက်ဆုံးသောတရားစီရင်ချိန်ဆိုတဲ့ သမိုင်းဆိုတာကို နောက်ဆုံးအကြိမ် ပြန်ပြီးရေးသားတဲ့အချိန်ရောက်ရင်၊ ဘုရားသခင်ဟာ သမိုင်းကို ရေးသင့်ရေးထိုက်ခဲ့ပေမဲ့၊ ဘယ်တုန်းကမှကမ္ဘာပေါ်မှာ မရေးခဲ့ကြတဲ့ပုံစံနဲ့ ပြန်ရေးပါလိမ့်မယ်။ ပြီးတော့ ဘုရားသခင်ဟာ သမိုင်းတလျှောက်မှာ သူ့ရဲ့ရည်ရွယ်ချက်တွေကို ဘယ်လိုအကောင်အထည်ဖေါ်ပြည့်စုံစေခဲ့ကြောင်း ပြသပါလိမ့်မယ်၊ အဲဒီသမိုင်းစာအုပ်တအုပ်ထဲသာ ဖတ်ဖို့တန်တဲ့စာအုပ်ဖြစ်ပါလိမ့်မယ်။ အဲဒီစာအုပ်ကဖတ်တဲ့လူတိုင်းရဲ့စိတ်ဝိညာဉ်ကို ဘုန်းတော်ချီးမွမ်းခြင်းနဲ့ပြည့်သွားစေပါမယ်၊ ဘုရားသခင်ဟာ သူ့အကြံအစည်တော်ကို ဘယ်လိုအံ့သြစရာကောင်းစွာ အကောင်အထည်ဖေါ်ခဲ့ကြောင်း သိတာနဲ့အတူ ချီးမွမ်းလိုသောစိတ်တွေဟာ တဖွားဖွား ပေါ်လာကြမှာဘဲဖြစ်ပါတယ်။

အဲဒီဇတ်လမ်းဟာ ပထမပါရာဒိသုဘုံလို့ခေါ်တဲ့ ဧဒင်မှာစခဲ့ပါတယ်။ အဲဒီဇတ်လမ်းရဲ့အစမှာ အာဒံဟာ ဘုရားသခင်ရဲ့ပုံသဏ္ဌာန်တော်အတိုင်း၊ ဘုရားသခင်ရဲ့ ပဋိညာဉ်သူငယ်ချင်း-အစေခံ ဖြစ်ဖို့ ဖန်ဆင်းခြင်းခံခဲ့ရပါတယ်။ မြေကမ္ဘာဖန်ဆင်းခြင်းတခုလုံးကို သူအုပ်စိုးဖို့ ပေးအပ်တော်မူပါတယ်။ အဲဒီ

လို မြေကမ္ဘာဖန်ဆင်းခြင်းတခုလုံးကို အုပ်စိုးဖို့ ပေးအပ်ချိန်မှာဘဲ၊ ဘုရားသခင်ဟာ အာဒံ့ကို ဧဒင်ဥယာဉ်ကို စောင့်ရှောက်ဖို့တာဝန်ကိုလဲ ပေးအပ်ခဲ့ပါတယ်။ အဲဒါဟာ၊ ဒီကမ္ဘာကြီးထဲမှာ ဘုရားသခင်ရဲ့ ကိုယ်စားလှယ်အဖြစ်၊ ဘုရားသခင်ရဲ့ဖန်ဆင်းခြင်းထဲမှာ လုပ်ကိုင်ပါလို့ အာဒံ့ကို တာဝန်ပေးတာဘဲ ဖြစ်တယ်။ ဘုရားသခင်ရဲ့ကမ္ဘာကြီးကို ဘုရားသခင်ရဲ့နာမတော် ဘုန်းထင်ရှားဖို့၊ ချီးမွမ်းဖို့ အသုံးပြုပါလို့ ပြောနေတာဘဲဖြစ်ပါတယ်။

အဲဒီလိုအကြောင်းအရာတွေ ကမ္ဘာပေါ်မှာဖြစ်နေစဉ်၊ ကောင်းကင်ဘုံမှလဲ အဖြစ်အပျက်တွေ ဖြစ်ပျက်နေခဲ့ပါတယ်။ စာတန်ဟာ ဘုရားသခင်ရဲ့ပလ္လင်တော်ကိုလုယူဖို့၊ အာဏာသိမ်းဖို့ အုပ်စုဖွဲ့ပြီး ကြံစည်နေပါတယ်။ ဒါပေမဲ့ သူရှုံးပါတယ်။ ရလဒ်ကတော့ ကောင်းကင်ဘုံမှ နှင်ချခံရခြင်းဖြစ်တယ်။ ဒါပေမဲ့ သခင်ခရစ်တော် ရှင်ပြန်ထမြောက်ပြီး ကောင်းကင်ဘုံသို့တက်တဲ့အထိတော့၊ အပြီးအပိုင် အနှင်ချမခံရသေးပါဘူး(ဗျာ ၁၂း၉)။ ကောင်းကင်ဘုံမှာ သူ့အကြံမအောင်မြင်တဲ့အတွက်၊ စာတန်ဟာ ဖန်ဆင်းစ မြေကမ္ဘာကို ပိုင်ဆိုင်နိုင်ဖို့ ကြိုးစားပြန်ပါတယ်။ ဘုရားသခင်ဆီကနေ ခိုးဖို့ ကြံပါတယ်။ ဖန်ဆင်းထားတဲ့ မြေကမ္ဘာမှာ သူ့ကိုယ်သူ ဘုရင်ခန့်ဖို့ ပြင်ဆင်ပြန်တယ်။ ဖန်ဆင်းထားတဲ့မြေကမ္ဘာတခုလုံးဟာ လုံးလုံးလျှားလျှား သူ့ဟာဖြစ်သွားပြီး၊ သူ့ရည်ရွယ်ချက်တွေ ထမြောက်အောင် လုပ်ဆောင်ပေးတဲ့ကမ္ဘာဖြစ်လာဖို့ ကြံစည်ပါတယ်။ အဲဒီရည်ရွယ်ချက်ကတော့ ဘုရားသခင်ကို ဆန့်ကျင်ခြင်းဆိုတဲ့ အင်းမတန်ဆိုးညစ်တဲ့၊ ငရဲနဲ့ဆိုင်တဲ့ ရည်ရွယ်ချက်ဖြစ်တယ်။ ဘုရားသခင်နဲ့ ဘုရားသခင်ရဲ့ဘုန်းတော်၊ နာမတော်ကို မုန်းတီးရာကနေ ပေါ်ထွက်လာတဲ့ ရည်ရွယ်ချက်ပေါ့။

ဒါပေမဲ့ စာတန်ဟာ အာဒံဆီကနေမဟုတ်ရင်၊ ဒီဖန်ဆင်းထားတဲ့ကမ္ဘာကြီးကို ဘယ်လိုမှ ဝင်လို့မရပြန်ဘူး။ ဒ့ါကြောင့် သူဟာ အာဒံ့ကိုသွေးဆောင်ဖို့၊ အာဒံ့မိန်းမ ဧဝနဲ့အတူ ပူးပေါင်းကြံစည်ပါတယ်။ အာဒံ သူနဲ့ပူးပေါင်းလာဖို့ဖြစ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ အာဒံက ဖန်ဆင်းခြင်းတခုလုံးရဲ့ ဦးခေါင်း(ခေါင်းဆောင်)ဖြစ်နေတာကိုး။ တကယ်လို့သာ အာဒံဟာ ဘုရားသခင်ကို ဆန့်ကျင်ပြီး စာတန်နဲ့ ပူးပေါင်းမယ်ဆိုရင်၊ အာဒံဟာ ဒီကမ္ဘာပေါ်မှာ စာတန်ရဲ့ကိုယ်စားလှယ်ဖြစ်လာမှာဖြစ်တယ်။ စာတန်ရဲ့ ခိုင်းစေမှုအောက်မှာ ရောက်သွားမှာဖြစ်တယ်။ အဲဒီလို အာဒံဆီကနေ စာတန်ဟာ သူ့ရည်ရွယ်ချက်တွေကို မြေကမ္ဘာပေါ်မှာ အကောင်အထည်ဖေါ်နိုင်မှာဖြစ်တယ်။ အဲဒီအကြံဟာ အောင်မြင်ခဲ့ပါတယ်၊ ပြောရမှာ ဝမ်းနည်းစရာကောင်းပေမဲ့ စာတန် အောင်မြင်ခဲ့ပါတယ်။

အာဒံဟာ ဖန်ဆင်းခြင်းတခုလုံးရဲ့ ခေါင်းဆောင်ဖြစ်တာကြောင့်၊ အာဒံကျဆုံးတာဟာ၊ အာဒံ့အပေါ်ရောက်လာတဲ့ကျိန်ခြင်းအမင်္ဂလာတွေအားလုံး ဖန်ဆင်းခြင်းတခုလုံးအပေါ် ကျရောက်လာတာ ဖြစ်သွားပါတယ်။ အဲဒါဟာ မဖြစ်မနေလိုက်လာတဲ့ နောက်ဆက်တွဲရလဒ်ဖြစ်တယ်။ အဲဒီလို ဖြစ်မလာလို့ကို မရဘူး။ အာဒံဟာ ဖန်ဆင်းခြင်းတခုလုံးအတွက် တာဝန်ရှိတယ်။ ကျဆုံးပြီးတော့မှလည်း အာဒံဟာ ဖန်ဆင်းခြင်းတခုလုံးအတွက် တာဝန်ရှိဆဲဘဲ၊ အခုတော့ ဖန်ဆင်းခြင်းထဲမှာ အာဒံဟာ စာတန်ရဲ့ ကိုယ်စားလှယ်အဖြစ်ရှိနေပြီ၊ စာတန်ရဲ့ရည်ရွယ်ချက်တွေ အကောင်အထည်ဖေါ်ဖို့ရှိနေပြီဖြစ်ပါတယ်။

ကျွန်တော် ခင်ဗျားတို့ကို သတိပေးချင်တာကတော့၊ အပြစ်ထဲကျဆုံးခြင်းဟာ ဘုရားသခင်ရဲ့ရှုထောင့်ကနေဆိုရင်၊ မှားယွင်းစွာဖြစ်ပျက်သွားတာမဟုတ်ပါဘူးဆိုတာကိုဘဲ။ ဘုရားသခင်ဟာ ကောင်းကင်ဘုံမှာထိုင်ပြီးတော့၊ ဧဒင်ဥယာဉ် ကောင်းမကောင်းသိကျွမ်းရာအပင်အောက်မှာ ဖြစ်ပျက်နေတာကို ကြည့်ပြီးတော့၊ အာဒံတယောက် အဲဒီပြင်းထန်တဲ့ ဖျားယောင်းသွေးဆောင်ခြင်းကို ငြင်းဆန်နိုင်မှာပါလေလို့ မျှော်လင့်ချက်တွေကို ဆန့်ကျင်ပြီး၊ မျှော်လင့်လျှက် ထိုင်မနေပါဘူး။ အာဒံ အပြစ်ထဲလဲကျဆုံးရော၊ ဘုရားသခင်ဟာ လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် စုတ်ပြီးတော့၊ ကယောင်ခြောက်ခြားနဲ့၊ အမလေး၊ င့ါအကြံတော့ပျက်ပြီ၊ ဖန်ဆင်းခြင်းနဲ့ပတ်သက်ပြီး ငါထားတဲ့ရည်ရွယ်ချက်တွေတော့ သဲထဲရေသွန် ဖြစ်ပါပြီလို့ ငိုကြွေးလျှက်၊ ဘာဆက်လုပ်ရင်ကောင်းမလဲလို့ သူ့ဘာသာသူ အကြံထုတ်ပြီး၊ အာဒံရဲ့သစ္စာဖေါက်ခြင်းကြောင့်၊ မဖြစ်မနေ နောက်စီမံကိန်းတခုကို ချမှတ်လျှက်၊ သူ့ဘုန်းတော်ထင်ရှားရလေအောင် ပုံစံနောက်တမျိုး ထပ်ပြီး လုပ်ကိုင်တော်မူတာ မဟုတ်ပါဘူး။

အဲဒီပုံစံနဲ့ အာဒံကျဆုံးခြင်းကို တွေးထင်တာဟာ ဘုရားသခင့်ဘုန်းတော်၊ အစိုးရတော်မူခြင်း၊ ထာဝရအကြံအစည်တော်တို့ကို မတရားစွာမြင်တာ ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ တွေးတောယုံကြည်ခြင်းကို ဘုရားသခင်ဟာ ဘုရားသခင်ဖြစ်တယ်၊ သူလုပ်ချင်တာ၊ သူကြိုက်တာကို အမြဲတမ်းလုပ်နေသူ၊ ဘယ်

တော့မှ ရည်ရွယ်ချက်ကို မပြတ်စေသူ ဆိုတဲ့အမှန်တရားကနေ စရမှာဖြစ်တယ် (ဇဖက် ၁း၁၁)။ သူ့ရဲ့ ထာဝရအကြံအစည်တော်ထဲက၊ သူရည်ရွယ်ချက်ထားတာဟာ၊ သူ့ရဲ့နာမည်ကို ဘုန်းတော်ထင်ရှားစေဖို့ ဘဲဖြစ်တယ်။ ပထမအာဒံအားဖြင့်မဟုတ်ဘူး၊ ဒုတိယအာဒံဖြစ်တဲ့ ခရစ်တော်အားဖြင့် ဖြစ်တယ်။ အဲဒီ ပ ထမအာဒံဟာ ဒုတိယအာဒံခရစ်တော်ရဲ့ နိမိတ်ပုံသာဖြစ်တယ်လို့ ပေါလုကပြောပါတယ် (ရောမ ၅း၁၂-၁၄)။ အဲဒီရည်ရွယ်ချက်ကို အကောင်အထည်ဖေါ်ဖို့ ဘုရားသခင်ဟာ၊ သူ့ရဲ့အနန္တသန့်ရှင်းတော်မူခြင်းကို တစက်ကလေးမှ မစွန်းထင်းစေဘဲ၊ အာဒံ့ရဲ့အပြစ်ကို ပြုလုပ်စေသူလဲ မဖြစ်ဘဲနဲ့၊ ဧဒင်ဥယာဉ်မှာဖြစ်ပျက် သမျှကို အစိုးရတော်မူစွာ ထိန်းချုပ်ကိုင်တွယ်လျှက်၊ အာဒံရဲ့အပြစ်ထဲကျဆုံးခြင်းက၊ သူ့ရဲ့ ထာဝရရည် ရွယ်တော်မူချက်ကို ပြည့်မြောက်စေအောင် ကိုင်တွယ်တော်မူပါတယ်။ အဲဒါကို ဘုရားသခင်ဟာ အာဒံ့ ထံမှာကြေညာတဲ့ ဧဝံဂေလိသတင်းကောင်းမှာ ပြောတာဖြစ်တယ်။ အပြစ်ထဲ ကျကျခြင်းဘဲ ဘုရားသခင် ဟာ သတင်းကောင်းကို အာဒံ့ဆီ ယူလာပါတယ်၊ သခင်ခရစ်တော်ရဲ့သတင်းကောင်းပေါ့။ သီသြလောဂျီ ပညာရှင်ကြီး ဟာရ်မန်ဟုတ်စီးမာက ကျမ်းစာကျောင်းခန်းထဲမှာရော၊ အသင်းတော်မှာ တရားဟောစဉ် မှာပါ၊ အဲဒီအကြောင်းကို မေ့မသွားဘဲအမြဲမှတ်မိနေအောင် အခုလိုပြောလေ့ရှိပါတယ်၊ “အာဒံအပြစ်ထဲ ကျဆုံးသွားတဲ့အခါ၊ တကယ်က ခရစ်တော်ရဲ့ရင်ခွင်ထဲကို လဲကျသွားတာဖြစ်တယ်၊” ဘုရားသခင်က သ တင်းကောင်းကို ယူလာတယ်၊ အဲဒါကတော့ “သင်နှင့်မိန်းမကိုငှင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အ မျိုးအနွယ်ကိုငှင်း ငါသည် ရန်ငြိုးဖွဲ့စေမည်။”

အဲဒါရဲ့ရလဒ်ကတော့ ဘုရားသခင်ဟာ ကရာနိတောင်ပေါ်မှာ လက်ဝါးကပ်တိုင်ကို စိုက်ထူထား လိုက်တာဘဲဖြစ်တယ်။ သခင်ခရစ်တော်အားဖြင့် သူ့ရည်ရွယ်ချက်ပြည့်မြောက်ရအောင်လို့ပေါ့။ အဲဒီ လက်ဝါးကပ်တိုင်တန်ခိုးနဲ့ ရန်ငြိုးဖွဲ့ခြင်းကို ဖန်ဆင်းမှာဖြစ်တယ်။ ဓမ္မဟောင်းကာလမှာ ဘုရားသခင်ရဲ့ လုပ်ဆောင်မှုတွေက သခင်ခရစ်တော် လာရောက်မှာကို၊ သူလုပ်ဆောင်မဲ့အလုပ်ကို မျှော်မှန်းလျှက် ဖြစ် ပေါ်ကြပါတယ်။ ဓမ္မဟောင်းကာလက ယုံကြည်သူတွေကလဲ အဲဒါကို ကောင်းကောင်း နားလည်ကြပါ တယ်။ ခရစ်တော်လာမယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ အသက်ရှင်ခဲ့ကြတယ်။ နတ်ဆိုးကလဲ ကောင်းကောင်း ကြီးကို သေဘာပေါက်ခဲ့ပါတယ်။ ဗျာဒိတ်ကျမ်း(၁၂)က စာတန်ဟာ ဘုရားသခင်က အာဒံနဲ့ဧဝထံမှာ သတင်းကောင်းကိုကြေညာလိုက်တာနဲ့ သူ့ရဲ့စီမံကိန်းအတွက် အန္တရယ်ရှိကြောင်း သဘောပေါက်သွား တယ်လို့ ပြောပြပါတယ်။ ဓမ္မဟောင်းကာလ သမိုင်းကြောင်းတလျှောက် အဲဒီကြောက်လန့်မှုကို အမြဲ တွေ့ရပါတယ်။ အဲဒါကတော့ စာတန်ရဲ့ မိန်းမရဲ့အမျိုးအနွယ် မမွေးဖွားနိုင်ဖို့ ကြောက်လန့်တကြား ကြိုး ပမ်းမှုဖြစ်စဉ်တခု ဖြစ်နေတာကိုဘဲဖြစ်တယ်။ သူဟာ နဂါးကြီးလိုဘဲ ပါးစပ်ကြီးကိုဟလျှက် မိန်းမက ကလေးမွေးတာနဲ့ မြိုချပစ်လိုက်မယ်လို့ စောင့်နေတယ် (ဗျာ ၁၂း၁-၄)။

ဒါ့ကြောင့် ဓမ္မဟောင်းကာလ သမိုင်းကြောင်းတလျှောက်၊ မိန်းမရဲ့အမျိုးအနွယ် ပြတ်မသွားခြင်း ဟာ ကျေးဇူးတော်ရဲ့ အံ့ဖွယ်တခုသာဖြစ်ပါတယ်။ ဘုရားသခင်ကိုမယုံကြည်တဲ့ရက်စက်လှတဲ့ မင်းသမီး ကြီးအာသလိအကြောင်းကိုဘဲ တွေးကြည့်ပါ။ အဲဒီမင်းသမီးကြီးက ဒါဝိတ်အနွယ်မင်းမျိုးမင်းနွယ်မှန်သမျှ ကို သတ်ပါတယ် (ယောရှကလွဲလို့ပေါ့)။ ဟာမန်ဆိုတဲ့သူကိုလည်းကြည့်ပါ၊ ဂျူးလူမျိုးရှိသမျှကို သတ်ဖို့ ကြိုးစားတာ(ဧသတာဝတ္ထု)။ အစ္စရေးနိုင်ငံနဲ့ယုဒနိုင်ငံတို့ရဲ့ ထက်ခါတလဲလဲ လမ်းလွဲကိုရောက်ကြခြင်းကို လည်း တွေးကြည့်ပါ၊ နောက်ဆုံးအဲဒီအမှားကြောင့် နိုင်ငံတွေ သူများဆီမှာ သိမ်းသွားခံရပြီး ပျောက် သွားကြတဲ့အထိကို ဖြစ်ခဲ့တာ။ အဲဒါတွေဟာ စာတန်က မိန်းမရဲ့အမျိုးအနွယ် မလာနိုင်ရလေ အောင်လို့ ကြောက်မက်ဖွယ် ကြိုးစားခဲ့တဲ့ သမိုင်းကြောင်းတွေဘဲဖြစ်တယ်။ ဆာလံ ၁၃၇ဟာ ကြေကွဲ ခြင်းကို ဖွင့်ဟတဲ့ဆာလံဖြစ်တယ်၊ ဗာဗုလုန်ကမြစ်တွေအနားမှာ ငါတို့ထိုင်ပြီးငိုကြပါတယ်။ စစ်နိုင်သူတွေက ငါ တို့ကို သီချင်းဆိုခိုင်းပါတယ်။ ငါတို့ရဲ့စောင်းတွေကိုလည်း မိုးမခပင်တွေမှာ မှီထောင် ထားလိုက်ကြပါ တယ်။ ဘယ်လိုလုပ် ဇိအုန်သီချင်းကို သူစိမ်းတွေနယ်မှာ ဆိုနိုင်ကြမှာလဲ? ဇိအုန်ရဲ့ သီချင်းရှိသမျှက ခရစ်တော်အကြောင်းကို ပြောနေတာမဟုတ်ပါလား? ဗာဗုလုန်မှာ ဘယ့်နှယ်ခရစ်တော်ကို သီဆိုရမှာ လဲ? ခရစ်တော် ဗာဗုလုန်မှာ မွေးဖွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် စောင်းတွေကို သစ်ပင်တွေမှာ ဘဲ ချိတ်ထားလိုက်ကြပါမယ်၊ နောက်တခါပြန်သုံးကြတဲ့အချိန်ထိပေါ့။ ငါတို့ ဇိအုန်ကိုအမြဲ သတိရကြပါ တယ်။ ဘာလို့လဲဆိုတော့ ဘုရားသခင်ရဲ့သတင်းကောင်းဟာ ငြိမ်းသတ်လို့မရတဲ့ အလင်းအဖြစ်၊ သမိုင်း ရဲ့ အမှောင်ဆုံးချိန်မှာတောင် ထွန်းလင်းနေမှာမို့လို့ဘဲ။ ပြီးတော့ ဧဝံဂေလိသတင်းကောင်းရဲ့ တန်ခိုးက

မိမိရည်ရွယ်ချက်ပြည့်မြောက်အောင် စာတန်ရဲ့ ကြိုးစားမှုမှန်သမျှကို၊ စိတ်ပျက်သွားစေမှာ ဖြစ်တယ်။ ငါတို့ တနေ့တော့ ဇိအုန်ကို ပြန်ကြမှာဖြစ်တယ်။

ဘုရားသခင်ဟာ မိမိရဲ့ရွေးကောက်တော်မူခြင်းထာဝရအမိန့်တော်အတိုင်း ပဋိညာဉ်လူတစုကို သူ့အတွက် ထားရှိတော်မူပါတယ်။ အဲဒီလူတွေကို စာတန်ရဲ့စုတ်ကိုင်ထားရှိမှုကနေ ဆွဲထုတ်တော်မူပါတယ်။ သူတို့ကို စာတန်ရဲ့တန်ခိုးအောက်ကနေ ကယ်ထုတ်ပြီးတော့ ဒီလောကအလယ်မှာ သူ့ရဲ့ပဋိညာဉ်လူတစုအနေနဲ့ တည်ထောင်တော်မူပါတယ်။ သူတို့ဟာ သူ့ရဲ့ပဋိညာဉ်လူတစုဖြစ်တဲ့အတွက်၊ သူတို့ကို သူ့ရဲ့ သူငယ်ချင်းတွေ ဖြစ်လာစေပြီးတော့၊ သူဟာလဲဘဲ သူတို့သူငယ်ချင်းအဖြစ် နေတော်မူပါတယ်။ အဲဒီ သူ့ရဲ့ သူငယ်ချင်းထံမှာ ဘုရားသခင်ဟာ အချိုသာနိုင်ဆုံးသောစကားတွေနဲ့၊ "ငါ မင်းကို ငါ့ရဲ့မိတ်သဟာယထဲ ခေါ်တော်မူတယ်၊ အဲဒါကို မင်းသိအောင် ငါပြောပြမယ်၊ ကမ္ဘာဆုံးတိုင်အောင် ဘာတွေဖြစ်လာမလဲလို့ ငါထားရှိတဲ့ ငါ့ရည်ရွယ်ချက်တွေကို ငါပြောပြမယ်"လို့ ပြောတော်မူပါတယ်။

ဆာလံ(၂၅)က ဘာကိုပြောပြသလဲဆိုတော့၊ ဘုရားသခင်ရဲ့ပဋိညာဉ်ကို ဘုရားသခင်နဲ့သူ့လူတွေဟာ သူငယ်ချင်းဖြစ်ကြတဲ့အကြောင်း၊ သူငယ်ချင်းတွေဖြစ်လို့ ဘုရားသခင်က သူ့လျှို့ဝှက်ချက်တွေကို သူ့လူတွေထံမှာပြောပြတဲ့အကြောင်းကို ဖြစ်ပါတယ်။ "ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့သည် ကိုယ်တော်မြတ်နှင့် မိဿဟာယဖွဲ့ရသောအခွင့်နှင့် ပဋိညာဉ်တရားတော်ကို သိရသောအခွင့် ရှိကြ၏" (၁၄)။ သူ့လျှို့ဝှက်စီမံကိန်းတွေထဲကို သိခွင့်ပေးတယ်။ ဘာနဲ့တူသလဲဆိုတော့၊ သူများတွေကြားသွားမှာဆိုးလို့ နားနားကိုကပ်ပြီး၊ လေသံနဲ့ရွတ်ဆိုပြောနေသလိုပါဘဲ။ "ငါ့ရည်ရွယ်ချက်တွေအားလုံးကို မင်းကို ငါပြောပြမယ်။ ဘာလို့လဲဆိုတော့ မင်းအတွက် ငါလုပ်နေတာကိုး။ ဒါတွေကို ငါရွေးကောက်တဲ့သူတွေအတွက် လုပ်မှာ - အားလုံးကို ကမ္ဘာ့သမိုင်းကြောင်းထဲမှာ လုပ်မှာ။"

အဲဒီလို သူ့လျှို့ဝှက်ချက်တွေကို သူ့ရဲ့ပဋိညာဉ်လူတွေထံမှာ ဘာဖြစ်လို့ပြောရသလဲဆိုတော့၊ သူ့လူတွေက ဒီကမ္ဘာပေါ်မှာ သူ့ကိုယ်စားလှယ်တွေအနေနဲ့နေနိုင်အောင်၊ သူ့ပဋိညာဉ်အတွက်အသက်ရှင်နိုင်ကြရလေအောင် ဖြစ်တယ်။ အဲဒီ ဘုရားသခင်ရဲ့လုပ်ဆောင်တော်မူမှုက၊ စာတန်ရဲ့ရည်ရွယ်ချက်နဲ့ ဘုရားသခင်ရဲ့ရည်ရွယ်ချက်ကို ဘုရားသခင့်ပဋိညာဉ်လူတွေရဲ့အသက်တာမှာ ပြဿနာ အကြီးအကြယ်တက်စေပါတယ်။ စာတန်ရဲ့ရည်ရွယ်ချက်ဟာ ဘုရားသခင်ကို သူဖန်ဆင်းတဲ့ကမ္ဘာထဲကနေ၊ ဘာဘဲလုပ်ရလုပ်၊ မောင်းထုတ်ပစ်ဖို့ဖြစ်တယ်။ အဲဒါဖြစ်မြောက်ဖို့ စာတန်ဟာ သူ့ရဲ့ ရှိသမျှမဟာမိတ်တွေနဲ့၊ ဆိုးညစ်တဲ့ကမ္ဘာကြီးရဲ့ နည်းလမ်းပစ္စည်းမျိုးစုံကို သုံးမှာဖြစ်တယ်။ သူဟာ ဖန်ဆင်းခြင်းတခုလုံးနဲ့ ဖန်ဆင်းခြင်းရဲ့စွမ်းအားအားလုံးကိုလဲ သုံးမှာဖြစ်တယ်။

ဒါပေမဲ့ ဒီလူနဲစုကလေး၊ ဘယ်သူကမှအထင်းကြီးလောက်စရာမရှိတဲ့အုပ်စုကလေး၊ အကြိမ်တော်တော်များများမှ အကြောက်လွန်နေတဲ့ သန့်ရှင်းသူများလို့ခေါ်တဲ့ ပဋိညာဉ်လူစုကလေး ရှိနေပါတယ်။ သူတို့ဆီမှာ ဘုရားသခင်ဟာ သမိုင်းကြောင်းရဲ့လျှို့ ဝှက်ချက်ကို၊ စကြဝဠာကြီးရဲ့လျှို့ဝှက်ချက်ကို၊ နောက်ဆုံးကောင်းကင်ဘုံရဲ့လျှို့ဝှက်ချက်ကိုတောင် အပ်ထားတော်မူပါတယ်။ ဘုရားသခင်က သူတို့ကို ပြောပါတယ်၊ "ဒီကမ္ဘာကြီးမှာ မင်းတို့ဟာ ငါ့ကိုယ်စားလှယ်တွေဘဲ။ ဒါ့ကြောင့် မင်းတို့ အကျယ်နိုင်ဆုံးအသံနဲ့ မင်းတို့ရဲ့ ဘဝတခုလုံးနဲ့၊ 'ဒီကမ္ဘာကြီးဟာ ဘုရားသခင်ရဲ့ကမ္ဘာဖြစ်တယ်၊' 'စာတန်ကမပိုင်ဘူး'လို့ အော်ကြပေတော့။ မင်းတို့ကမပိုင်ဘူး။ ဘုရားသခင်က သူ့ဟာလို့ ပြောနေတယ်။ သူဖန်ဆင်းတာကို ဘယ်သူ့ရဲ့ သိမ်းပိုက်ခြင်းကိုမှ မခံဘူး။ သူကဘဲပိုင်တယ်။ ဒီကမ္ဘာထဲမှာ သူ့ရည်ရွယ်ချက်ကိုဘဲ သူအကောင်ထည်ဖေါ်လိမ့်မယ်။ ပြီးတော့ သခင်ခရစ်တော်ပြန်လာရင်၊ အရာခပ်သိမ်းကို သူ့ဘုန်းတော်ထင်ရှားဖို့ ပြောင်းလဲကယ်တင်ပြီး၊ သူရွေးကောက်ထားသူတွေကို ထာဝရအမွေအဖြစ် ပေးတော်မူဦးမှာ ဖြစ်တယ်။" ရွေးကောက်ခြင်းခံရသူတွေက အဲဒီအမှန်တရားကို သက်သေခံကြခြင်းဟာ ဆန့်ကျင်ခြားနားစွာ အသက်ရှင်ခြင်းဘဲ ဖြစ်ပါတယ်။

(နောက်တပတ်ဆက်ဖေါ်ပြပါမည်)